


VOLUME IV, ISSUE 28

29 November 2023

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင် ပူဇော်ခြင်းအခမ်းအနားအား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပ | ၁ |
| ၂ | တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော် ကြည်ညို၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပ | ၅ |
| ၃ | နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါ ရိုဟေးအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် လက်ခံတွေ့ဆုံ | ၁၀ |
| ၄ | မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသောအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်များ | ၁၁ |
| ၅ | တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ရေကြောင်းလုံခြုံရေး ဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန် ရန်ကုန်မြို့သို့ ရောက်ရှိပြီး ချစ်ကြည်ရေးခရီးလည်ပတ် | ၁၃ |
| ၆ | တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ တပ်မတော် မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)၊ မြစ်ရေယာဉ်(စကု) နှင့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ | ၁၆ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၇ | အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက စားသောက်ဖွယ်ရာများ ထပ်မံပေးပို့လှူဒါန်း | ၁၉ |
| ၈ | နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ် | ၂၁ |
| ၉ | ရွှေကျင်မြို့နယ် ရွှေကျင်-သိမ်ဇရပ်သွားကားလမ်းပေါ်ရှိ ကျုံပကူချောင်းကူးတံတားအား KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး | ၂၂ |
| ၁၀ | အကြမ်းဖက်သမားများက ဒေသတွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားလာစေရန် မဟုတ်မမှန် လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ | ၂၂ |
| ၁၁ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၂၄ |

# Information Sheet

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း အခမ်းအနားအား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပ





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်နေမှု**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်မှစတင်၍ ကျင်းပပြုလုပ်လျက်ရှိပြီး နိုဝင်ဘာလ ၂၇ ရက်တွင်လည်း မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများဖြင့် ပစ်ဖောက်ပူဇော်ခြင်း၊ ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများဖြင့် ပစ်ဖောက်ပူဇော်မှုများနှင့် မီးပုံးပျံများ လွှတ်တင်မှုကိုကြည့်ရှုခြင်း၊ ဆီမီး ၉၀၀၀ ကို အတူတကွထွန်းညှိပူဇော်ခြင်း၊ ပထမအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ရာတွင် ပါဝင်ခဲ့သည့် ရက်ကန်းအဖွဲ့ ၉ ဖွဲ့ကို ချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့ကြပါသည်။

ပွဲတော်ကာလတွင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းများနှင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး မြဝတီတေးဂီတအဖွဲ့တို့မှ အနုပညာရှင်များနှင့် ပြင်ပအနုပညာရှင်များက ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများကိုဆောင်ရွက်ခဲ့ပြီး ရဟန်းရှင်လူဘုရားဖူးပြည်သူများ စည်ကားသိုက်မြိုက်စွာဖြင့် လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၁၁-၂၀၂၃)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများဖြင့် ပစ်ဖောက်ပူဇော်ခြင်း၊ ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို ကြည့်ရှုအားပေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးပုံးပျံငယ်များလွှတ်တင်ပူဇော်နေမှု

- မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ တက်ရောက်ကြည့်ရှုအားပေး၊ ရဟန်းရှင်လူဘုရားဖူးပြည်သူများ စည်ကားသိုက်မြိုက်စွာဖြင့် လာရောက်ဖူးမြော် ကြည်ညိုခဲ့။

- အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများဖြင့် ပစ်ဖောက်ပူဇော်မှုများနှင့် မီးပုံးပျံများလွှတ်တင်မှုကိုကြည့်ရှုခြင်း၊ ဆီမီး ၉၀၀၀ ကို အတူတကွ ထွန်းညှိပူဇော်ခြင်း၊ ပထမအကြိမ်မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ရာတွင် ပါဝင်ခဲ့သည့် ရက်ကန်းအဖွဲ့ ၉ ဖွဲ့ကို ချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရှေကြာသင်္ကန်းရက်လုပ်ပူဇော်ရာတွင် ပါဝင်ခဲ့သည့် ရက်ကန်းအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်နေမှု



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများ၊ မီးပုံးပျံငယ်များဖြင့် ပစ်ဖောက်လွှတ်တင်ပူဇော်နေမှု

# မာရဝိဇယဘုရားကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











# တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော် ကြည်ညို၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ဆီမီးများထွန်းညှိပူဇော်နေမှု

နိုဝင်ဘာလ ၂၇ ရက်တွင် ကျရောက်သည့် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)၌ ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်းကပ်လှူခြင်း၊ ကထိန်ခင်းခြင်း၊ ဒါနသီလဘာဝနာ ကုသိုလ်ယူဆည်းပူးပွားများခြင်းစသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြပြီး ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။

မြန်မာ့ယဉ်ကျေးမှုပွဲတော်ကို ထိန်းသိမ်းဆင်နွှဲလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများက ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်းနှင့် ဆီမီး ၁,၀၀၀ ထွန်းညှိပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြပြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာဆင်နွှဲခဲ့ကြပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ၊ ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲများကို ကျင်းပပြုလုပ်ကြရာ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ထွန်းညှိ ပူဇော်ဖူးမြော်ကြည်ညိုကြပြီး နိဗ္ဗာန်ဈေးပွဲတော်များတွင်လည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားလျက်ရှိပါသည်။

အလားတူ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် ပန်းခြံများ၌ လာရောက်အပန်းဖြေကြသူများနှင့် အထူးစည်ကားလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၁၁-၂၀၂၃)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း ကပ်လှူပူဇော်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ဆီမီးထွန်းညှိပူဇော်နေမှု

- ဧယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများက ဆီမီးထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်းနှင့် ဆီမီး ၁,၀၀၀ ထွန်းညှိပူဇော်ခြင်းများ ပြုလုပ်ခဲ့။
- တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ၊ ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲများကို ကျင်းပပြုလုပ်ကြရာ ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိ။
- တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် ပန်းခြံများ၌ လာရောက်အပန်းဖြေကြသူများနှင့် အထူးစည်ကားလျက်ရှိ။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



ကျောက်ဆည်မြို့



ပုဂံမြို့



ရန်ကုန်မြို့



မန္တလေးမြို့



နေပြည်တော်

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ တန်ဆောင်တိုင်ပွဲတော်တွင် ပြည်သူများဖြင့် စည်ကားခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





ကချင်ပြည်နယ်ရှိ ဘုရားစေတီပုထိုးများတွင် ရှင်ဥပဂုတ္တမထေရ်ဖောင်တော်နှင့်အတူ ဆီမီး ၂၀၀၀၀ ရေမျှောပူဇော်ပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော် စည်းကားသိုက်မြိုက်စွာကျင်းပ ပြုလုပ်နေမှု



ကရင်ပြည်နယ်ရှိ တန်ဆောင်တိုင်ပွဲတော် နိဗ္ဗာန်စျေးတွင် ပါဝင်ဆင်နွှဲသူများဖြင့် အထူးစည်ကားများပြားနေမှု



ဧရာဝတီတိုင်းဒေသကြီးရှိ တန်ဆောင်တိုင်ပွဲတော် နိဗ္ဗာန်စျေးနှင့် ညပွဲစျေးများတွင် ပါဝင်ဆင်နွှဲသူများဖြင့် အထူးစည်ကားများပြားနေမှု

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ တန်ဆောင်တိုင်ပွဲတော်တွင် ပြည်သူများဖြင့် အထူးစည်ကားခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



နေပြည်တော်




ပဲခူးတိုင်းဒေသကြီး



ရန်ကုန်တိုင်းဒေသကြီး

# နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါ ရိုဟေးအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် လက်ခံတွေ့ဆုံ





နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါ ရိုဟေးအား နိုဝင်ဘာလ ၂၉ ရက်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ရာ တွေ့ဆုံစဉ် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်းတို့အကြား မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဘက်စုံဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများစီမံကိန်းနှင့် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်းတို့၏ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေ၊ ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းဆိုင်ရာ ခေါင်းဆောင်မှုသင်တန်းပို့ချခြင်းစီမံကိန်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စက်မှုလက်မှုသင်တန်းစီမံကိန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း စာသင်ကျောင်းများ ဆောက်လုပ်ရေးစီမံကိန်းအရ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၁-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာဆာဆာကာဝါ ရိုဟေးအား လက်ခံတွေ့ဆုံ၍ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့။**

# မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသောအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်များ




အမေရိကန်အစိုးရ၏ ကျောထောက်နောက်ခံပြုထားသည့် USIP (United States Institute of Peace) အဖွဲ့အစည်း၏ သုတေသနစာတမ်းများအား အမှီပြု၍ အနောက်နိုင်ငံမီဒီယာများမှ ကျယ်ကျယ်ပြန့်ပြန့် ဝါဒဖြန့်နေမှုများ၊ မြန်မာ-တရုတ် တပ်မတော်နှစ်ရပ်အကြားနှင့် နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်နေမှုအခြေအနေများ၊ နိုဝင်ဘာလ ၂၇ ရက်နှင့် ၂၈ တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ရှေ့မြောက်ဘက်ဒေသတွင် ဖြစ်ပေါ်နေသော အခြေအနေများကို အခွင့်ကောင်းယူ၍ အချက်ပေးလှုံ့ဆော်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားခဲ့ပါသည်။

- အမေရိကန်အစိုးရ ကျောထောက်နောက်ခံပြုထားသော USIP (United State Institute of Peace) ဆိုသည့် အဖွဲ့အစည်း၏ သုသေသနစာတမ်းများကို အမှီပြု၍ အနောက်နိုင်ငံမီဒီယာများက ယခုလက်ရှိ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့်အခြေအနေများကို ပိုပြီးဆိုးဝါးသွားအောင် သုံးသပ်တင်ပြကာ ကျယ်ကျယ်ပြန့်ပြန့် ဝါဒဖြန့်နေကြောင်း။
- လက်နက်စွဲကိုင်ပြီး ပဋိပက္ခဖြစ်အောင် လုပ်ဆောင်နေသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် ဗေးပြဆန်ဆန်အဖွဲ့အစည်းမျိုး ဖြစ်မလာနိုင်ဘဲ တစ်စုတစ်စည်းတည်းရှိသည် ဆိုသည့် သုံးသပ်ချက်များဖြင့် ပဋိပက္ခကြီးထွားလာအောင် မီးထိုးပေးပြီး မြန်မာနိုင်ငံအရေးကို ပေါ်ပေါ်ထင်ထင် ဝင်ရောက်စွက်ဖက် နှောင့်ယှက်လာခြင်းဖြစ်ကြောင်း။
- အမှန်တကယ်လက်တွေ့တွင် ၎င်းတို့သုံးသပ်သည့်အတိုင်း ဖြစ်နေခြင်းမရှိဘဲ လက်နက်ကိုင်အဖွဲ့အစည်းများအတွင်း၌ပင် သွေးကွဲမှုများရှိကြောင်း၊ NUG၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့ကပင် အချို့သောလက်နက်ကိုင်အဖွဲ့များကို လက်မခံဘူး ဟု ကြေညာခဲ့ကြောင်း။
- MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ ဘိန်းမှောင်ခိုလုပ်ငန်းနှင့် လက်နက်ကိုင်သံသရာကို မျက်ကွယ်ပြုပြီး ယခုလို သုံးသပ်မီးထိုးပေးနေခြင်းသည် ယခုဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခတွင် အနောက်နိုင်ငံများနှင့် အပေါင်းအပါများ ထဲထဲဝင်ဝင် ဝင်ရောက်ပတ်သက်နေပြီဆိုသည့် အချက်ကို သိနိုင်ကြောင်း။

- တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (တပ်မတော်ရေ)မှ စစ်ရေယာဉ်သုံးစင်းနှင့် စစ်သည်အင်အား ၇၀၀ ဦး ခန့်သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ခရီးနှင့် ပင်လယ်ပြင်လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေပြီး ပင်လယ်ပြင်လက်တွေ့လုပ်ငန်းအတွက် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း။

- NUG အကြမ်းဖက်အဖွဲ့မှ သမ္မတအမည်ခံပုဂ္ဂိုလ်သည် တရုတ်နှင့် မြန်မာ ချစ်ကြည်ရေးကို ထိခိုက်စေနိုင်သည့် စကားမျိုး ပြောလာတာကို တွေ့ရကြောင်း၊ မိမိတို့ နှစ်နိုင်ငံ အနေဖြင့် နီးကပ်စွာ၊ ရင်းနှီးစွာ ဆက်ဆံနေသည့် အိမ်နီးနားချင်းနိုင်ငံများဖြစ်ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်ကို သမိုင်းအစဉ်အဆက် လေးစားလိုက်နာသော မဟာဗျူဟာမိတ်ဖက်နိုင်ငံများ ဆွေးမျိုးပေါက်ဖော်နိုင်ငံများဖြစ်ကြောင်း။

- TNLA အဖွဲ့အနေဖြင့် ကျောက်မဲမြို့၌ စစ်ရေးနှင့်မသက်ဆိုင်သည့် နေရာများတွင် ဝင်ရောက်နေရာယူ၍ ပြည်သူကို အကာအကွယ်လုပ်ကာ တပ်မတော်ကို တိုက်ခိုက်ခဲ့ကြောင်း၊ ၎င်းတို့ သေဆုံးဒဏ်ရာရသူများရှိလျှင် ပြည်သူများ သေသယောင်၊ ပြည်သူများကို တပ်မတော်က အန္တရာယ်ပေးသယောင် ဝါဒဖြန့်လျက်ရှိကြောင်း။

- အကြမ်းဖက် PDF အဖွဲ့များသည် ရေစကြိုမြို့နယ်၊ အောင်းပန်းချောင်းကျေးရွာမှ အထက်တန်းပြဆရာမတစ်ဦးကို ရက်ရက်စက်စက် လည်လှီးသတ်ခဲ့သည့် ဖြစ်စဉ်မျိုး ဖြစ်ပွားခဲ့ကြောင်း၊ ထိုကဲ့သို့ လူမဆန်သော လုပ်ရပ်မျိုးကို ပြည်သူလူထုအားလုံးက ဝိုင်းဝန်းဆန့်ကျင်သွားရမှာဖြစ်ကြောင်း။

- ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မူဆယ် ၁၀၅ မိုင်၊ ကုန်းကြမ်း၊ လောက်ကိုင်၊ မုန်စီး၊ စီကောဘက်တွင်လည်းကောင်း၊ ကယားပြည်နယ်ယဉ်ကျေးမှုအဆောက်အဦနှင့် အကျဉ်းထောင် တို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်ရှိ ပေါက်တော၊ ထရွန်အိုင်နှင့် နုန်းဘူး တို့တွင်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ ရေစွာစခန်းကိုလည်းကောင်း Drop Bomb များချခြင်း၊ ရှော့တိုက်ဒုံးများဖြင့်ပစ်ခြင်း၊ ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းများရှိကြောင်း။

- အကြမ်းဖက်အဖွဲ့များအနေဖြင့် လက်တလောဖြစ်ပွားနေသော အခြေအနေမျိုးတွင် ကောလာဟလသတင်းများ ဖြန့်ချိခြင်း၊ ၎င်းတို့ အနိုင်ရနေသယောင် ဝါဒဖြန့်ချိခြင်းများ လုပ်ဆောင်နေကြောင်း။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေများကို လုံခြုံမှုရှိအောင်ထိန်းသိမ်းလျက်ရှိရာတွင် အကြမ်းဖက်အဖွဲ့များက မြို့၊ ရွာများရှိ အဆောက်အအုံများနှင့် ပြည်သူလူထုကို အကာအကွယ်ယူဓားစာခံလုပ်၍ တိုက်ခိုက်ခြင်းများသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံပိုင်၊ ပြည်သူပိုင် အဆောက်အအုံများကို တိုက်ရိုက်ထိခိုက်စေ်ကာ နှောင့်ယှက်ဖျက်ဆီးခြင်းပင်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၁-၂၀၂၃)**

- **အမေရိကန်အစိုးရ ကျောထောက်နောက်ခံပြုထားသော USIP (United State Institute of Peace) ဆိုသည့် အဖွဲ့အစည်း၏ သုသေသနစာတမ်းများကိုအမှီပြု၍ အနောက်နိုင်ငံမီဒီယာများက ယခုလက်ရှိ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့်အခြေအနေများကို ပိုပြီးဆိုးဝါးသွားအောင် သုံးသပ်တင်ပြကာ ကျယ်ကျယ်ပြန့်ပြန့်ဝါဒဖြန့်လျက်ရှိ။**

- **လက်နက်စွဲကိုင်ပြီး ပဋိပက္ခဖြစ်အောင် လုပ်ဆောင်နေသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် ဓားပြဆန်ဆန် အဖွဲ့အစည်းမျိုး ဖြစ်မလာနိုင်ဘဲတစ်စုတစ်စည်းတည်းရှိသည် ဆိုသည့် သုံးသပ်ချက်များဖြင့် ပဋိပက္ခကြီးထွားလာအောင် မီးထိုးပေးပြီး မြန်မာနိုင်ငံအရေးကို ပေါ်ပေါ်ထင်ထင် ဝင်ရောက်စွက်ဖက် နှောင့်ယှက်လာခြင်းဖြစ်။**

- MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ ဘိန်းမှောင်ခိုလုပ်ငန်းနှင့် လက်နက်ကိုင်သံသရာကို မျက်ကွယ် ပြုပြီး ယခုလို သုံးသပ်မီးထိုးပေးနေခြင်းသည် ယခုဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခတွင် အနောက်နိုင်ငံ များနှင့် အပေါင်းအပါများ ထဲထဲဝင်ဝင် ဝင်ရောက်ပတ်သက်နေပြီဆိုသည့်အချက်ကို သိနိုင်။
- အကြမ်းဖက်အဖွဲ့များအနေဖြင့် လက်တလောဖြစ်ပွားနေသော အခြေအနေမျိုးတွင် ကောလာဟလသတင်းများ ဖြန့်ချိခြင်း၊ ၎င်းတို့ အနိုင်ရနေသယောင် ဝါဒဖြန့်ချိခြင်းများ လုပ်ဆောင်နေ။
- အကြမ်းဖက်အဖွဲ့များက မြို့၊ ရွာများရှိ အဆောက်အအုံများနှင့် ပြည်သူလူထုကို အကာအကွယ်ယူစားစား လုပ်၍ တိုက်ခိုက်ခြင်းများသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံပိုင်၊ ပြည်သူပိုင် အဆောက် အအုံများကို တိုက်ရိုက်ထိခိုက်စေ်ကား နှောင့်ယှက်ဖျက်ဆီးခြင်းပင်ဖြစ်။

## တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန် ရန်ကုန်မြို့သို့ ရောက်ရှိပြီး ချစ်ကြည်ရေးခရီးလည်ပတ်




တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)၊ 44th PLA Navy Escort Task Group(ETG) မှ စစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Zi Bo၊ ဖရီဂိတ်စစ်ရေယာဉ် Jing Zhou နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် Qian Dao Hu တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မြန်မာ-တရုတ် ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် နိုဝင်ဘာလ ၂၇ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပါသည်။

- နိုဝင်ဘာလ ၂၈ ရက်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ဆင်ရေးကွပ်ကဲရေးမှူး Senior Captain Sun Bo ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာခဲ့ပြီး တပ်မတော်(ရေ)မှ တာဝန်ရှိသူများနှင့် ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်မည့်ကိစ္စရပ်များအား ဆွေးနွေးခြင်း၊ သန်လျင်တပ်နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ဆိပ်ကြီး)တွင် ပညာ



**တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ဆင်ရေးကွပ်ကဲရေးမှူး Senior Captain Sun Bo ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်နေမှု**

သင်ကြားနေသော ကျောင်းသား/ကျောင်းသူများအား စာရေးကိရိယာများ လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့။

- တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များသည် တရုတ်စစ်ရေယာဉ်များပေါ်သို့ တက်ရောက်လေ့လာခဲ့ပြီး တရုတ်စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များအနေဖြင့် ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးသွားရောက်လည်ပတ်ခြင်းများ ဆောင်ရွက်ခဲ့။

အဆိုပါ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် Senior Captain Sun Bo ဦးစီး၍ အရာရှိ၊ စစ်သည် စုစုပေါင်း ၇၀၀ ခန့် လိုက်ပါလာကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၁-၂၀၂၃)**

- **တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည် စုစုပေါင်း ၇၀၀ ခန့် လိုက်ပါလာသည့် ဖျက်သင်္ဘော၊ ဖရီဂိတ်စစ်ရေယာဉ်နှင့် ထောက်ပံ့ရေးစစ်ရေယာဉ်တို့သည် ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန် နိုဝင်ဘာလ ၂၇ ရက်တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့။**
- **တရုတ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာခဲ့ပြီး တပ်မတော်(ရေ)မှ တာဝန်ရှိသူများနှင့် ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်မည့်ကိစ္စရပ်များအား ဆွေးနွေးခဲ့သည့်အပြင် သန်လျင်တပ်နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ဆိပ်ကြီး)တွင် ပညာသင်ကြားနေသော ကျောင်းသား/ ကျောင်းသူများအား စာရေးကိရိယာများ လှူဒါန်းခဲ့။**



တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် တပ်မတော်(ရေ)မှ တာဝန်ရှိသူများ
ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်မည့် ကိစ္စရပ်များ ဆွေးနွေးနေမှု





ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ လာရောက်လေ့လာပြီး
တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ တရုတ်စစ် ရေယာဉ်များပေါ်သို့ တက်ရောက်လေ့လာခဲ့မှု

**တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)၊ မြစ်ရေယာဉ်(စကု) နှင့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ**




တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)နှင့် မြစ်ရေယာဉ် (စကု) တို့သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများအားလည်းကောင်း၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) သည် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းပတ်ဝန်းကျင်ကျေးရွာများနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအားလည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုစွန်)နှင့် မြစ်ရေယာဉ် (စကု) တို့သည်-

- နိုဝင်ဘာလ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁,၇၃၂ ဦးအား ဆေးကုသမှုပေးခဲ့။
- နိုဝင်ဘာလ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁,၂၁၈ ဦးအား ဆေးကုသမှုပေးခဲ့။
- နိုဝင်ဘာလ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁,၁၈၆ ဦးအား ဆေးကုသမှုပေးခဲ့။

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) သည်-

- နိုဝင်ဘာလ ၂၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ချောင်းသာမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၇၂ ဦးအား ဆေးကုသမှုပေးခဲ့။
- နိုဝင်ဘာလ ၂၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ တူးမြောင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၉၄၂ ဦးအား ဆေးကုသမှုပေးခဲ့။
- နိုဝင်ဘာလ ၂၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ တောင်ကလေးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၇၂ ဦးအား ဆေးကုသမှုပေးခဲ့။

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)၊ မြစ်ရေယာဉ် (စကု)နှင့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂,၁၄၂ ဦး၊ ခွဲစိတ်ရောဂါ ၁၇၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၉၀ ဦး၊ ကလေးရော



ဂါ ၃၂၂ ဦး၊ အရိုးရောဂါ ၁,၁၉၇ ဦး၊ နား/ နှာခေါင်း/လည်ချောင်း ရောဂါ ၃၁၀ ဦး၊ မျက်စိရောဂါ ၁,၂၄၀ ဦးနှင့် သွားနှင့်ခံတွင်း ရောဂါ ၅၄၃ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၆,၁၂၂ ဦးတို့ကို လို အပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ၎င်းတို့အ နက် အထွေထွေခွဲစိတ်လူနာ ၅၇ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၄၀ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် ဓာတ်မှန်ရိုက်လူနာ ၆၀ ဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူ နာ ၁၁၉ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၂၃၂ ဦး၊ Ultrasound ရိုက် လူနာ ၁၃၄ ဦး နှင့် ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၁၃ ဦး တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက် ပေးခဲ့ပါသည်။

ဆေးရုံတက်ကုသရန်လိုအပ်သူ ၁၃ ဦးအား နီးစပ်ရာ ဆေးရုံများတွင် ဆေးကုသမှုခံယူနိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့ ကြောင်းနှင့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) သည် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီ တိုင်းဒေသကြီး ဟိုင်းကြီးကျွန်းပတ်ဝန်းကျင်ကျေးရွာများနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာတို့ရှိ ဒေ သခံပြည်သူများအား နိုဝင်ဘာလ ၂ ရက်မှ ၂၅ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ပြီး နိုဝင်ဘာလ ၂၇ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ ရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၁-၂၀၂၃)**

- **တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)၊ မြစ်ရေယာဉ်(စကု)နှင့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) တို့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့ရှိ မြို့များနှင့် ကျေးရွာ များမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ။**
- **နိုဝင်ဘာလ ၂၂ ရက်မှ ၂၈ ရက်ထိ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ သားဖွား/မီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုး ရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားရောဂါ၊ အထွေထွေရောဂါနှင့်ပတ်သက်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ ဒေသခံပြည်သူစုစုပေါင်း ၆,၁၂၂ ဦးရှိ။**
- **တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) သည် နိုဝင်ဘာလ ၂၇ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိခဲ့။**

## တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ











# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက စားသောက်ဖွယ်ရာများ ထပ်မံပေးပို့လှူဒါန်း





အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း လျက်ရှိသည့်အပြင် နိုဝင်ဘာလ ၂၂ ရက်မှ ၂၈ ရက်အထိ ဒံပေါက်ဘူးများ၊ ထောပတ်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများကို လားရှိုးမြို့မှတဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ထပ်မံပေးပို့လှူဒါန်းခဲ့ပါသည်။

အဆိုပါ ဒံပေါက်ဘူးများ၊ ထောပတ်ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် **"တပ်မတော်သားများ ကျန်းမာပါစေ၊ တိုက်ပွဲတိုင်း အောင်မြင်ပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းပါစေ"** စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၁-၂၀၂၃)**


- **အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများ၊ ထောပတ်ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများနှင့်အတူ ဆုတောင်းမေတ္တာစာလွှာများကိုလည်း ထပ်မံပေးပို့ခဲ့။**

## အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းပြီး ဆုတောင်းမေတ္တာစာလွှာများ ပေးပို့ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ









သို့/
ပေါက်ဖော်များ မြတ်ဝတို့ရဲ့ ခံယူချက်နဲ့ နိုင်ငံတော်ကို အသက်နဲ့ ကာကွယ်ပေး
နေတဲ့ ရှေ့တန်းရောက်စစ်သည်တော်သားများ အောင်ပွဲများစွာ ရယူနိုင်ပါစေကြောင်း
ဆုတောင်းပေးလိုက်ပါတယ်ရှင် . . .

လဝန်းယံ


သို့/
ထိုက်တဲ့ညတွေမှာ ကြယ်တွေတောက်လည်း လင်းပြသလို
တရားသောစစ်ကို ဒသင်နဲ့ဖို့အတွက် ကျွန်းခိုက်ကို
ဖွဲ့ဆောင်တဲ့ ရဲ့သူကို အမြဲတမ်းကြော် ချီးမွမ်းနိုင်ပါစေ
"ရဲဘော်မသေ၊ သေသော်လည်း ငရဲမလား" ဆိုတဲ့အတိုင်း
အမိမြေလင်းကို အောင်မြင်မှုတွေနဲ့ ကျောက်လှမ်းနိုင်ပါစေ
လို့ ဆုတောင်းပေးပါတယ်။

ဖွေ့ထက်နိုင်

Dream it Do it

## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်



နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့ အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိရာ-

- နိုဝင်ဘာလ ၂၇ ရက်တွင် တရုတ်နိုင်ငံသား အမျိုးသား ၄၆၆ ဦး၊ အမျိုးသမီး ၈၇ ဦး၊ စုစုပေါင်း ၅၅၃ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့။
- နိုဝင်ဘာလ ၂၈ ရက်တွင် တရုတ်နိုင်ငံသား အမျိုးသား ၅၁၁ ဦး၊ အမျိုးသမီး ၂၀၃ ဦး၊ စုစုပေါင်း ၇၁၄ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့။
- ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၂၈ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၈,၈၂၃ ဦး၊ အမျိုးသမီး ၁,၀၈၅ ဦး၊ စုစုပေါင်း ၉,၉၀၈ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်း ပေးအပ်ခြင်းများဆောင်ရွက်နိုင်ခဲ့။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၁-၂၀၂၃)**

- **နိုဝင်ဘာလ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် တရုတ်နိုင်ငံသားအမျိုးသား ၉၇၇ ဦး၊ အမျိုးသမီး ၂၉၀ ဦး၊ စုစုပေါင်း ၁,၂၆၇ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့။**
- **၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၂၈ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၈,၈၂၃ ဦး၊ အမျိုးသမီး ၁,၀၈၅ ဦး၊ စုစုပေါင်း ၉,၉၀၈ ဦးတို့ကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့။**

## ရွှေကျင်မြို့နယ် ရွှေကျင်-သိမ်ဇရပ်သွားကားလမ်းပေါ်ရှိ ကျုံပကူချောင်းကူးတံတားအား KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

အကြမ်းဖက်သမားများအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကိုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အဦများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်းဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာလ ၂၇ ရက်တွင် KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ် ရွှေကျင်-သိမ်ဇရပ်သွားကားလမ်းပေါ်ရှိ တံတားအမှတ် (၁/၁၀၇) “ကျုံပကူ” ချောင်းကူးတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ပါသည်။

သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် အဆိုပါတံတား၏ တောင်ဘက်ကမ်းကပ်ခုံဘက်မှ တံတားကြမ်းခင်း လေးပေခန့်နှင့် ဝဲ/ယာတံတား လက်ရန်း ၆ ပေခန့် ပျက်စီးခဲ့ပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်းသိရသည်။

ထိုသို့အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် တံတားအား အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေးအတွက် တာဝန်ရှိသူများက ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၁-၂၀၂၃)**

- **KNU အဖွဲ့မှ အကြမ်းဖက်မှု ကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားပူးပေါင်းအဖွဲ့က ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်ရှိ “ကျုံပကူ” ချောင်းကူးတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့၊ ပျက်စီးခဲ့သည့်တံတားအား အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေးအတွက် တာဝန်ရှိသူများက ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိ။**

## အကြမ်းဖက်သမားများက ဒေသတွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားလာစေရန် မဟုတ်မမှန် လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

လူမှုကွန်ရက်စာမျက်နှာများတွင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်မှုအားပေးသည့် မီဒီယာအချို့တို့မှ မဟုတ်မမှန် လုပ်ကြံသတင်းများအား နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများအပေါ် ဒေသခံပြည်သူများ အထင်အမြင်လွဲမှားစေရန်၊ ဒေသအတွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် ပြည်သူများအကြား ကြောက်ရွံ့ထိတ်လန့်စေရန် ရည်ရွယ်၍ အဆက်မပြတ် ရေးသားဖြန့်ဝေလျက်ရှိပါသည်-







- ဘီးလင်းမြို့နယ်၊ ဝင်းကနယ်မြေရဲစခန်းနှင့် တောင်စွန်းအကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများ တိုက်ခိုက်ခံရမည်ကို စိုးရိမ်သဖြင့် စခန်းအား စွန့်ခွာမှုပြုလုပ်ဟုဆိုသည့်သတင်းသည် သတင်းမှားဖြစ်ကြောင်း အဆိုပါနယ်မြေတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်ရှိသူများထံမှ သိရှိရ။
- စစ်တွေတက္ကသိုလ်၌ တပ်မတော်မှ တပ်စွဲနေဟူသည့် သတင်းမှာ ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ရေးသားဖြန့်ဝေထားသည့် သတင်းတုသတင်းအမှားသာဖြစ်ပြီး အဆိုပါသတင်းနှင့်ပတ်သက်၍ တက္ကသိုလ်ဝင်းအတွင်း တပ်စွဲထားခြင်း မရှိကြောင်းနှင့် ကျောင်းဖွင့်ချိန်များတွင် ကျောင်းသား၊ ကျောင်းသူများများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဝင်းဧရိယာပြင်ပ၌ လုံခြုံရေးတာဝန် ထမ်းဆောင်ပေးခြင်းများသာရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများထံမှ သိရှိရ။

နိုင်ငံ့တာဝန်များကို ဦးလည်မသုန်ကျေပွန်စွာထမ်းရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်လိုသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား အကြမ်းဖက်မှုလုပ်ရပ်များကို အားပေးလှုံ့ဆော်နေသည့် တရားမဝင်ပြည်ဖျက် မီဒီယာများမှ စိုးရိမ်ထိတ်လန့်စေရန် အဆိုပါကောလာဟလသတင်းများ ရေးသားဖြန့်ဝေခြင်းသာဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၁-၂၀၂၃)**

- **ဘီးလင်းမြို့နယ်၊ ဝင်းကနယ်မြေရဲစခန်းနှင့် တောင်စွန်းအကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများ စခန်းအား စွန့်ခွာမှုပြုလုပ်ဟုဆိုသည့်သတင်းသည် သတင်းအမှားဖြစ်။**
- **စစ်တွေတက္ကသိုလ်၌ တပ်မတော်မှ တပ်စွဲနေဟူသည့်သတင်းမှာ ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ရေးသားဖြန့်ဝေထားသည့် သတင်းတုသတင်းအမှားသာဖြစ်။**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- နိုဝင်ဘာလ ၂၂ ရက်မှ ၂၈ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၆ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၃ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၁ ဦး၊ ကရင်ပြည်နယ်၌ ၂ ဦး၊ ရခိုင်ပြည်နယ်၌ ၂ ဦးနှင့် ရှမ်းပြည်နယ်၌ ၁ ဦး၊ စုစုပေါင်း ၁၅ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်ထိ စုစုပေါင်း ၁,၈၅၁ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၁၁-၂၀၂၃)**

- **နိုဝင်ဘာလ ၂၂ ရက်မှ ၂၈ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၆ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၃ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၁ ဦး၊ ကရင်ပြည်နယ်၌ ၂ ဦး၊ ရခိုင်ပြည်နယ်၌ ၂ ဦးနှင့် ရှမ်းပြည်နယ်၌ ၁ ဦး၊ စုစုပေါင်း ၁၅ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်ထိ စုစုပေါင်း ၁,၈၅၁ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**